### (၅) မီးခိုးရောင်ရွက်ပြောက်ရောဂါ (Grey leaf spot)

**ရောဂါဖြစ်စေသက်ရှိ-** *Pestalotiopsis mangiferae* (Henn.) Steyaert

ရောဂါလက္ခဏာများ

အရွက်ပေါ်တွင် အလယ်၌မီးခိုးရောင်(သို့) ငွေရောင်ရှိ၍ ဘေးတွင် အမဲရောင်ဝိုင်းရံထားသော ကွက်ပြောက်များဖြစ်ပေါ်သည်။






**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါရသောကြွေကျနေသော အရွက်များအားမီးရှို့ဖျက်ဆီးပါ။
- အပင်ကိုကျန်းမာသန်စွမ်းစေရန် အဟာရဓာတ်ပြည့်စုံစွာကျွေးပါ။
- စိုက်ခင်းသန့်ရှင်းစနစ်တကျဆောင်ရွက်ပါ။
- အခြားရောဂါများအတွက်ဆေးဖျန်းခြင်းသည် ဤရောဂါကိုလည်း ကာကွယ်နှိမ် နင်းနိုင်သည်။ Chlorothalonil (ကလိုရိုသာလိုနေး)၊ Mancozeb (မန်ကို ဇက်)၊ Difenoconazole (ဒီဖီနိုကိုနာဇိုးလ်)၊ Propineb (ပရိုပီနက်ဘ်) စသောဆေး များအသုံးပြုနိုင်သည်။